# ရာဂစရိုက်နှင့် သဒ္ဓါစရိုက်တူပုံ

**ရာဂ**စရိုက် ထူပြောအားကောင်းသောသူသည် ကုသိုလ်ဖြစ်သောအခါ **သဒ္ဓါ** အားကြီး၏။ အဘယ်ကြောင့်ဆိုသော် သဒ္ဓါသည် ရာဂနှင့် ဂုဏ်ချင်းနီးသောကြောင့်တည်း။

| | |
|---|---|
| - အကုသိုလ်အဖို့၌ ရာဂသည် စိုပြေညက်ညော၏။ | -အကုသိုလ်အဖို့၌ သဒ္ဓါသည် စိုပြေညက်ညော၏။ |
| - ဝတ္ထုကာမကို ရှာမှီး၏။ | - သီလစသော ဂုဏ်ကျေးဇူးကို ရှာမှီး၏။ |
| - အကျိုးမဲ့ကို မစွန့်။ | - အကျိုးစီးပွားကို မစွန့်။ |

ထို့ကြောင့် ရာဂထူပြော အားကောင်းသူနှင့် သဒ္ဓါထူပြောအားကောင်းသူတို့ သဘော သွားတူကြ၏။

# ဒေါသစရိုက်နှင့် ဗုဒ္ဓိစရိုက်တူပုံ

**ဒေါသ**စရိုက်ထူပြော အားကောင်းသောသူသည် ကုသိုလ်ဖြစ်သောအခါ **ပညာ**အားကြီး၏။အဘယ်ကြောင့်ဆိုသော် ပညာသည် ဒေါသနှင့်ဂုဏ်ချင်းနီးသောကြောင့်တည်း။

| **- အကုသိုလ်အဖို့၌ ဒေါသသည်** | **- ကုသိုလ်အဖို့၌ ပညာသည်** |
|---|---|
| အစေးမရှိ၍ အာရုံ၌ မကပ်ငြိ | အစေးမရှိ၍ အာရုံ၌ မကပ်ငြိ |
| - မမှန်သောအပြစ်ကို ရှာတတ်၏။ | - ဟုတ်မှန်သော သင်္ခါရတို့၏ အပြစ်ကို ရှာတတ်၏ |
| - သတ္တဝါတို့ကို ရှောင်ကြဉ်သော အခြင်းအရာအားဖြင့် ဖြစ်၏။ | - သင်္ခါရတို့ကို ရှောင်ကြဉ်သော အခြင်းအရာအားဖြင့် ဖြစ်၏။ |

ထို့ကြောင့် ဒေါသထူပြောအားကောင်းသူနှင့် ပညာထူပြောအားကောင်းသူ သဘောသွားတူ၏။

# မောဟစရိုက်နှင့် ဝိတက်စရိုက်တူပုံ

**မောဟ**ထူပြောသူအား မဖြစ်သေးသော ကုသိုလ်တို့ဖြစ်အောင် အားထုတ်သောအခါ အန္တရာယ်ပြုတတ်သော **မိစ္ဆာဝိတက်**တို့ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မောဟနှင့်ဝိတက် **လက္ခဏာချင်း နီးသောကြောင့်တည်း။**

| | |
|---|---|
| - မောဟသည် တွေဝေခြင်းဖြင့် ထက်ဝန်းကျင်နှောက်ယှက်ရှုပ်ထွေးသောကြောင့် အမြဲမတည်တံ့။ | - ဝိတက်သည် အာရုံအမျိုးမျိုးကို ကြံတတ်သောကြောင့် အမြဲမတည်တံ့။ |
| - အာရုံသို့ သက်ဝင်၍ မဆုံးဖြတ်နိုင်သောကြောင့် တုန်လှုပ်၏။ | - လျင်မြန်စွာရွေ့ပြောင်း၍ ကြံစည်တတ်သောကြောင့် တုန်လှုပ်၏။ |

ထို့ကြောင့် မောဟထူပြောအားကောင်းသူနှင့် ဝိတက်ထူပြောအားကောင်းသူ သဘောသွားတူ၏။